

# ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်ရှိ ကလေးအလုပ်သမား အခြေအနေများနှင့်ပတ်သက်၍ အကဲဖြတ်လေ့လာခြင်း

အနှစ်ချုပ်ဖော်ပြချက်

# ▶ နောက်ခံအကြောင်းအရာ

အိုင်အယ်လ်အို-UNICEF ၏ ၂၀၂၀ ခုနှစ် ကမ္ဘာ့လုံးဆိုင်ရာခန့်မှန်းချက်များအရ ကမ္ဘာနှင့်အဝှမ်း ကလေးအလုပ်သမားအဖြစ် လုပ်ကိုင်နေသော ကလေးသူငယ်အရေအတွက်သည် ၂၀၁၆ ခုနှစ်တွင် ၁၅၂ သန်း ရှိရာမှ၊ ၂၀၂၁ ခုနှစ်တွင် သန်း ၁၆၀ သို့ မြင့်တက်လာခဲ့သည်။၁1ဤအရေအတွက်တွင် ၆၃ သန်းသည် မိန်းကလေးငယ်များဖြစ်ပြီး၊ ၉၇ သန်းသည် ယောကျ်ားလေးများ ဖြစ်သည်။ မြန်မာနိုင်ငံတွင် အိုင်အယ်လ်အို၏ပံ့ပိုးကူညီမှုဖြင့် ကောက်ယူခဲ့သော ၂၀၁၅ ခုနှစ် လုပ်သားအင်အားစစ်တမ်းအရ အသက် ၅ နှစ်မှ ၁၇ နှစ် အတွင်းရှိသော ကလေးသူငယ် ၁.၁၂ သန်းသည် ကလေးအလုပ်သမားအဖြစ် လုပ်ကိုင်နေကြပြီး၊ ထိုအရေအတွက်မှ ၆၀၀,၀၀၀ ကျော်သည် ဘေးအန္တရာယ်ရှိသော အလုပ်အကိုင်များတွင် ဝင်ရောက်လုပ်ကိုင်နေကြသည်။ သို့သော်လည်း ဤကိန်းဂဏန်းအရေအတွက်သည် အိမ်ထောင်စုပေါင်းများစွာ လူမှုစီးပွားအကြီးအကျယ်ထိခိုက်ပျက်စီးစေခဲ့သော ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါနှင့် စစ်တပ်အာဏာသိမ်းမှု ဘေးဒဏ်နှစ်ရပ်၏ သက်ရောက်မှုကို ခြုံငုံရေတွက်ဖော်ပြထားခြင်း မဟုတ်ပါ။၂2အလုပ်အကိုင်ဆုံးရှုံးမှု၊ အိမ်ထောင်စုဝင်ငွေလျော့ကျမှုနှင့် ပညာရေးအလှမ်းဝေးလာမှုများသည် အဆင်းရဲဆုံးမိသားစုများရှိ ကလေးသူငယ်များအပေါ် အဆိုးရွားဆုံး သက်ရောက်လျက်ရှိသည်။

ဤအကဲဖြတ်လေ့လာမှုအစီရင်ခံစာသည် အလုပ်လုပ်ကိုင်နေသည့်ကလေးအရေအတွက် များစွာရှိသော ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့ရှိ ကလေးအလုပ်သမားအခြေအနေများကို ဖော်ပြပေးသည်။ ရည်ရွယ်ချက်မှာ ကိုဗစ်-၁၉ ကပ်ရောဂါနှင့် လတ်တလောဖြစ်ပွားလျက်ရှိသည့် နိုင်ငံရေးအကျပ်အတည်းတို့၏ ကလေးအလုပ်သမားများအပေါ်သက်ရောက်မှုကို နားလည်သိရှိနိုင်ရန် ဖြစ်သည်။ ထို့အပြင် အဆိုပါဒေသသုံးခုရှိ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းအခွင့်အလမ်းများ ဖော်ထုတ်ပေးခြင်းအပြင်၊ ထိခိုက်လွယ်သည့် လူငယ်များအတွက် လုပ်သားဈေးကွက်နှင့် သင်တန်းအခွင့်အလမ်းများကိုလည်း ဖော်ထုတ်ပေးသည်။ နောက်ဆုံးအချက်အနေဖြင့် အခြေအနေပေးပါက အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် သင့်လျော်သည့် အသိအမြင်မြှင့်တင်ရေးအစီအစဉ်၊ စည်းရုံးလှုံ့ဆော်မှုနှင့် ဆက်စပ်လွှမ်းခြုံနေသော အဓိကကျသည့် မူဝါဒရေးရာဖြေရှင်းဆောင်ရွက်ချက်များဆိုင်ရာ အကြံပြုချက်များကို ဖြည့်ဆည်းဖော်ပြပေးသည်။ နည်းလမ်းစုံချဉ်းကပ်ဆောင်ရွက်နည်းကို အသုံးပြုထားသည့် ဤလေ့လာမှုအစီရင်ခံစာတွင် မတူညီသည့် စစ်တမ်းဖြေဆိုသူအုပ်စု (၃) စု (၎င်းတို့မှာ ကလေးသူငယ်များနှင့် ၎င်းတို့၏အုပ်ထိန်းသူများ၊ အလုပ်ရှင်နှင့်အလုပ်သမားအဖွဲ့အစည်းများနှင့် ရပ်ရွာလူထုအဖွဲ့ဝင်များ ဖြစ်သည်) တွင်ပါဝင်သည့် အရေအတွက် မများသော်လည်း၊ လုံလောက်မှုရှိသည့် စစ်တမ်းဖြေဆိုသူများကို မေးမြန်းထားပြီး၊ ရည်ရွယ်ချက်ဖြင့်နမူနာပုံစံကောက်ယူနည်းကို အသုံးပြုထားပါသည်။ ထို့ကြောင့် အဓိကလေ့လာတွေ့ရှိချက်များသည် အကဲဖြတ်လေ့လာမှုပြုလုပ်ခဲ့သည့် ဒေသသုံးခုရှိ အလုပ်လုပ်ကိုင်နေသော ကလေးသူငယ်များနှင့်စပ်လျဉ်းသည့် အသိအမြင်များနှင့် အကြောင်းအရာများကို ဖော်ပြပေးထားသော်လည်း၊ မြန်မာနိုင်ငံအတွင်း အလုပ်လုပ်ကိုင်နေသော ကလေးသူငယ်အားလုံးကို ကိုယ်စားမပြုနိုင်ပါ။

# ▶ အဓိကလေ့လာတွေ့ရှိချက်များ

အကဲဖြတ်လေ့လာမှုပြုလုပ်ခဲ့သည့် ဒေသသုံးခုတွင် တွေ့ဆုံမေးမြန်းခဲ့သော ကလေးသူငယ်အများစုသည် မိသားစုငွေကြေးအခက်အခဲများကြောင့် အလုပ်လုပ်ကိုင်နေသည်။

အကဲဖြတ်လေ့လာမှုတွင် တွေ့ဆုံမေးမြန်းခဲ့သည့် ကလေးသူငယ်အများစု (၇၁ ရာခိုင်နှုန်း) သည် အဓိကအားဖြင့် မိသားစုငွေကြေးအခက်အခဲများကြောင့် အလုပ်လုပ်ကိုင်နေရသည်။ ဤလေ့လာတွေ့ရှိချက်သည် ကိုဗစ်-၁၉ ကပ်ရောဂါနှင့် နိုင်ငံရေးအကျပ်အတည်းကြောင့် ပိုမိုဆိုးရွားလာသည့် ဆင်းရဲနွမ်းပါးမှုသည် အလုပ်လုပ်ကိုင်နေရသည့် ကလေးအရေအတွက်များပြားလာခြင်း၏ အခြေခံအကြောင်းရင်းဖြစ်ကြောင်း ဖော်ပြထားသည့် ဤသုတေသနအစီရင်ခံစာပါ ရည်ညွှန်းကိုးကားထားသည့် သုတေသနပြုလေ့လာတွေ့ရှိမှုများနှင့် ကိုက်ညီနေသည်။ ကပ်ရောဂါနှင့် နိုင်ငံရေးအကျပ်အတည်းကြောင့် ကျောင်းများပိတ်ခဲ့ရပြီး၊ သက်ရောက်မှုအနေဖြင့် ကလေးသူငယ်အချို့ကို လုပ်ငန်းခွင်အတွင်းသို့ ရောက်စေခဲ့သည်။ ကျောင်းများပြန်ဖွင့်သည့်တိုင်အောင် နိုင်ငံအတွင်း နိုင်ငံရေးမတည်ငြိမ်မှုနှင့် နောက်ဆက်တွဲ ဘေးကင်းလုံခြုံရေးစိုးရိမ်ဖွယ်အခြေအနေများကြောင့် ကလေးသူငယ်အများစုသည် ကျောင်းပြန်မတက်နိုင်ကြတော့ပေ။ ဧရာဝတီတိုင်းဒေသကြီးတွင် ကလေးသူငယ်များသည် အများအားဖြင့် မိသားစုလုပ်ငန်း များတွင် လုပ်ကိုင်ကြပြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တွင်မူ ကလေးသူငယ်များသည် အပြင်လုပ်ငန်းများတွင် ပိုမိုလုပ်ကိုင်လေ့ရှိသည်။

---

၁ ILO and UNICEF, *Child Labour: Global Estimates 2020, Trends and the Road Forward*, 2021.
၂ United Nations Myanmar, *UN in Myanmar: Research Digest No. 9*, 2021.

**အလုပ်လုပ်ကိုင်နေသော ကလေးသူငယ်အများစုသည် ဘေးအန္တရာယ်ရှိသည့် အလုပ်အကိုင်ကြောင့် ထိခိုက်ဒဏ်ရာများ ရရှိသည်။**

ကလေးသူငယ်များသည် အများအားဖြင့် ဘေးအန္တရာယ်ရှိသော အလုပ်အကိုင်အခြေအနေများအတွင်း ကျရောက်နေလေ့ရှိတတ်ပြီး၊ ဘေးအန္တရာယ်ရှိသော အလုပ်တာဝန်များကို လုပ်ကိုင်ကြရသည်။ ထိုအလုပ်တာဝန်များတွင် လေးလံသည့်ဝန်များကို သယ်ရခြင်း၊ လေးလံသည့်စက်ယန္တရားနှင့် အန္တရာယ်ရှိသော ဓါတုပစ္စည်းများကို အသုံးပြုရခြင်းနှင့် ဖုန်ထူ၊ ဆူညံပြီး ပူပြင်းသည့် ပတ်ဝန်းကျင်တွင် လုပ်ကိုင်ရခြင်းတို့ ပါဝင်သည်။ ဥပမာအားဖြင့် အကဲဖြတ်လေ့လာမှုတွင် တွေ့ဆုံမေးမြန်းခဲ့သည့် ဆောက်လုပ်ရေးလုပ်ငန်းတွင် လုပ်ကိုင်နေသော ကလေးသူငယ် ၉၀ ရာခိုင်နှုန်းခန့်သည် လေးလံသည့်ဝန်များကို သယ်ရခြင်းနှင့်၊ ၈၀ ရာခိုင်နှုန်းကျော်သည် နေပူထဲတွင် မနားရဘဲ အချိန်ကြာမြင့်စွာ လုပ်ကိုင်ကြရသည်။ စစ်တမ်းဖြေဆိုသည့် အသက်အရွယ်အုပ်စုအားလုံးရှိ ကလေးသူငယ်များသည် မတော်တဆနှင့်၊ ထိခိုက်ဒဏ်ရာများ ရရှိဖူးကြသည်။ အသေးစား ထိခိုက်ဒဏ်ရာများသည် မကြာခဏ အများဆုံး ဖြစ်လေ့ရှိပြီး၊ ပွန်းပဲ့ဒဏ်ရာ၊ တိုက်မိဆောင့်မိ၍ဖြစ်သည့် အဖု၊ ဖူးရောင်ခြင်းများလည်း ဖြစ်လေ့ရှိသည်။

ဤအကဲဖြတ်လေ့လာမှုတွင် တွေ့ဆုံမေးမြန်းခဲ့သည့် ကရင်ပြည်နယ်ရှိ အလုပ်လုပ်ကိုင်နေသော ကလေးသူငယ် ထက်ဝက်နီးပါးခန့်သည် အလုပ်များတွင် လေးလံသောဝန်များကို သယ်မခြင်း၊ တွန်းခြင်း၊ ဆွဲယူခြင်းများနှင့် နားချိန်မရှိဘဲ နေပူထဲတွင် အချိန်ကြာမြင့်စွာ လုပ်ကိုင်ကြရသည်။ သီးခြားလုပ်ငန်းကဏ္ဍများအလိုက် အဖြစ်များသည့် ထိခိုက်ဒဏ်ရာများအနေဖြင့် ပင်လယ်/မြစ်ချောင်း ငါးဖမ်းလုပ်ငန်းတွင် အသေးစားထိခိုက်ဒဏ်ရာရခြင်း (၉၀ ရာခိုင်နှုန်း) နှင့် ကားစက်ပြင်လုပ်ငန်းတွင် ပွန်းပဲ့ဒဏ်ရာရခြင်း၊ တိုက်မိ၍ အဖုထွက်ခြင်း သို့မဟုတ် ဖူးရောင်ခြင်းများ (၈၃.၃ ရာခိုင်နှုန်း) ဖြစ်သည်။ စစ်တမ်းမေးမြန်းခဲ့သည့် အသက် ၅ နှစ်မှ ၁၁ နှစ်အတွင်းရှိသူ ၂၀ ရာခိုင်နှုန်းခန့်သည် ခန္ဓာကိုယ်/ရုပ်ပိုင်းဆိုင်ရာ မတော်မတရားပြုကျင့်မှုအချို့ ခံခဲ့ရပြီး၊ အသက် ၁၂ နှစ်မှ ၁၇ နှစ်အတွင်းရှိသူ ၃၀ ရာခိုင်နှုန်းခန့်သည် စိတ်ပိုင်းဆိုင်ရာစော်ကားမှု ခံခဲ့ကြရသည်။ ဤအခြေအနေများရှိစေကာမူ အလုပ်လုပ်ကိုင်နေသည့် ကလေးသူငယ်များသည် အများအားဖြင့် ကိုယ်ခန္ဓာကျန်းမာရေး ကောင်းမွန်သည့်ပုံစံ ရှိကြသည်၊ သို့သော် စိတ်ကျန်းမာရေးလက္ခဏာအချို့ကို တင်ပြခဲ့သည်။

**အကဲဖြတ်လေ့လာမှုပြုလုပ်ခဲ့သည့် ဒေသသုံးခုရှိ ကလေးသူငယ် သုံးပုံတစ်ပုံသည် အိမ်အကူအလုပ်အကိုင်တွင် ဝင်ရောက်လုပ်ကိုင်နေပြီး၊ အခြားကလေးသူငယ်များမှာ အဓိကအားဖြင့် စိုက်ပျိုးရေး၊ ကုန်ထုတ်လုပ်ရေးလုပ်ငန်းနှင့် လက်လီလက်ကား ရောင်းဝယ်ရေးလုပ်ငန်းများတွင် လုပ်ကိုင်လျက်ရှိသည်။**

အလုပ်လုပ်ကိုင်နေသည့် ကလေးသူငယ်များသည် လုပ်ငန်းမျိုးစုံတွင် ဝင်ရောက်လုပ်ကိုင်နေကြသော်လည်း၊ စစ်တမ်းပါဝင်ဖြေဆိုခဲ့သည့် ကလေးသူငယ် သုံးပုံတစ်ပုံကျော်သည် အိမ်အကူအလုပ်အကိုင်တွင် အများဆုံး ဝင်ရောက်လုပ်ကိုင်နေကြသည်။ အရေအတွက်ကွာဟစွာဖြင့် ဒုတိယနေရာတွင်ရှိသည့်လုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး (အလုပ်လုပ်ကိုင်နေသည့် ကလေးသူငယ်အရေအတွက်၏ ၁၆ ရာခိုင်နှုန်း ရှိသည်)၊ ၎င်းနောက်တွင် ကုန်ထုတ်လုပ်ရေးလုပ်ငန်း (၁၃.၈ ရာခိုင်နှုန်း)၊ လက်လီလက်ကား ရောင်းဝယ်ရေးလုပ်ငန်း (၁၃.၁ ရာခိုင်နှုန်း) နှင့် ဆောက်လုပ်ရေးလုပ်ငန်း (၁၂.၄ ရာခိုင်နှုန်း) အသီးသီးရှိသည်။ အသက်အရွယ်အလိုက် လုပ်ငန်းကဏ္ဍဆိုင်ရာ စုဖွဲ့တည်ရှိပုံ ပြောင်းလဲမှုရှိပြီး၊ အိမ်အကူအလုပ်အကိုင်အတွင်းရှိသည့် ကလေးသူငယ်များ ပါဝင်သည့်အချိုးအစားသည် မည်သည့်အသက်အရွယ်တွင်မဆို ပါဝင်နှုန်းမြင့်မား၍ အထူးသဖြင့် အသက် ၁၂ နှင့် ၁၃ နှစ် ရှိသော ကလေးသူငယ်များအကြား ပို၍မြင့်မားသည် (၆၁.၉ ရာခိုင်နှုန်း)။ အသက် ၅ နှစ်မှ ၁၁ နှစ်ကြားရှိ ပို၍ငယ်ရွယ်သော ကလေးသူငယ်များကို စိုက်ပျိုးရေး၊ လက်လီလက်ကားရောင်းဝယ်ရေးလုပ်ငန်းနှင့် အမှိုက်ကောက်ခြင်းများတွင် ၎င်းတို့ထက်အသက်ကြီးသည့် ကလေးများထက် ပို၍တွေ့ရသည်။ ပို၍အသက်ကြီးသော ၁၄ နှစ်မှ ၁၇ နှစ်အရွယ် ကလေးသူငယ်များသည် ဆောက်လုပ်ရေးနှင့် ကုန်ထုတ်လုပ်ရေးလုပ်ငန်းများတွင် ပိုမိုပါဝင်နေလေ့ရှိသည်။ အများအားဖြင့် ယောကျ်ားလေးများသည် ကာယခွန်အားပိုမိုစိုက်ထုတ်ရသည့် အလုပ်အကိုင်များတွင် ဝင်ရောက်လုပ်ကိုင်ပြီး၊ မိန်းကလေးများသည် ကာယခွန်အားစိုက်ထုတ်မှုနည်းသော အလုပ်အကိုင်များတွင် လုပ်ခလစာ နည်းပါးစွာဖြင့် လုပ်ကိုင်လေ့ရှိသည်။ အသက် ၁၁ နှစ်အောက် ကလေးသူငယ်များသည် အမြန်လုပ်ကိုင်ရန်သာလိုသော ကျွမ်းကျင်မှုနိမ့်သည့် အလုပ်များတွင် လုပ်ကိုင်ပြီး၊ ယေဘုယျအားဖြင့် အသက် ၁၁ နှစ်အထက်ရှိသူ ကလေးသူငယ်များသည် အိမ်ပြင်ပအလုပ်သမားများအဖြစ် အန္တရာယ်ရှိသည့် အခြေအနေများတွင် လုပ်ကိုင်ကြသည်။

**အကဲဖြတ်လေ့လာမှုတွင်ပါဝင်သည့် အလုပ်လုပ်ကိုင်နေသော ကလေးသူငယ်များအကြား ကြာမြင့်သည့်အလုပ်ချိန်နှင့် လုပ်ခလစာနည်းပါးခြင်းသည် ဖြစ်လေ့ရှိပြီး၊ ပုံမှန်အားဖြင့် မိန်းကလေးများသည် ယောကျ်ားလေးများထက် ဝင်ငွေ ပိုမို နည်းပါးသည်။**

လုပ်ငန်းနယ်ပယ်နှင့် အလုပ်အကိုင်အခန်းကဏ္ဍများအလိုက် အလုပ်ချိန်များ သိသိသာသာ ကွဲပြားမှုရှိသည်။ ခြုံငုံလေ့လာကြည့်လျှင် ကလေးသူငယ်အများစုသည် ပျမ်းမျှ တစ်ပတ်တွင် ၅.၆ ရက် အလုပ်လုပ်ရသည်။ သို့သော် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့် ငါးလုပ်ငန်းကဲ့သို့သော လုပ်ငန်းနယ်ပယ်များတွင် လုပ်ကိုင်ရသူများသည် နားချိန်နည်းပါးကာ အချိန်နာရီပိုမိုကြာမြင့်စွာ လုပ်ကိုင်ရသည်။ တူညီသည့် အလုပ်တာဝန်ကို လုပ်ရသော်လည်း၊ ကလေးသူငယ်များသည် လူကြီးများထက် နည်းပါးသည့် လုပ်ခကိုသာ ရလေ့ရှိပြီး၊ မိန်းကလေးများသည် ယောကျ်ားလေးများထက် ပို၍နည်းသည့်လုပ်ခကိုသာ ရ

ကြသည်။ အကဲဖြတ်လေ့လာမှုပြုလုပ်ခဲ့သည့် ဒေသသုံးခုတွင် အလုပ်လုပ်ကိုင်နေသော ကလေးသူငယ်များ၏ တစ်ရက်တွင် ရရှိသည့်အခကြေးငွေနှုန်းကို လေ့လာကြည့်လျှင် ကရင်ပြည်နယ်တွင် အများဆုံးဖြစ်ပြီး၊ ဧရာဝတီတိုင်းဒေသကြီးတွင် အနည်းဆုံးဖြစ်သည်ကို တွေ့ရသည်။ ယေဘုယျအားဖြင့် အလုပ်လုပ်ကိုင်နေသည့် ကလေးသူငယ်များသည် ကြာမြင့်သည့်အလုပ်ချိန်၊ လုပ်ခလစာ ခွဲခြားခြင်း နှင့် မညီမျှခြင်း၊ အနိုင်ကျင့်ခြင်းနှင့် ခေါင်းပုံဖြတ်ခြင်းများ ခံရနိုင်ခြေရှိသည်။ လူမှုကာကွယ်စောင့်ရှောက်မှုနှင့် အလုပ်သမားကာကွယ်စောင့်ရှောက်မှုများသည် အနည်းအကျဉ်းသာ ရှိပြီး၊ လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိမှုနှင့် ပတ်သက်၍လည်း အာမခံများ မရှိသလောက် ကင်းမဲ့နေသည်။

## အကဲဖြတ်လေ့လာမှုတွင်ပါဝင်သည့် အလုပ်လုပ်ကိုင်နေသော ကလေးသူငယ် ထက်ဝက်ကျော်သည် အခွင့်အလမ်းရပါက ပညာရေးကို ပို၍ သင်ယူလိုကြသည်။

အများအားဖြင့် လေ့လာမှုတွင်ပါဝင်သော ကလေးသူငယ်အများစု (၆၂.၈ ရာခိုင်နှုန်း) သည် ၎င်းတို့ကိုယ်တိုင်က အလုပ်လုပ်ကိုင်ရန် ဆုံးဖြတ်ချက်ချကြသည်။ လေးပုံတစ်ပုံနီးပါးကမူ ၎င်းတို့၏မိခင်များက ၎င်းတို့အတွက် ဆုံးဖြတ်ချက်ချပေးသည်ဟု ဖြေဆိုသည်။ သို့သော် ကလေးသူငယ်အရေအတွက် ထက်ဝက်ကျော်က အခွင့်အလမ်းရပါက ၎င်းတို့ ကျောင်းပညာရေးကို ဆက်လက်သင်ယူလိုကြောင်း ပြောဆိုကြသည်။ ကလေးသူငယ် အများစု (၅၆ ရာခိုင်နှုန်း) က ကျောင်းကိုအချိန်ပြည့်တက်ရောက်လိုကြပြီး၊ အချို့မှာ ငွေကြေးရရှိရန် အချိန်ပြည့်အလုပ်လုပ်လိုကြောင်း (၁၆ ရာခိုင်နှုန်း)နှင့် ၎င်းတို့၏လက်ရှိအလုပ်ကို ဆက်လုက်လုပ်ကိုင်လိုကြောင်း (၁၅ ရာခိုင်နှုန်း) ဖြေဆိုကြသည်။

## ကလေးအလုပ်သမားများနှင့်ပတ်သက်၍ ရပ်ရွာလူထု အသိပညာ၊ သဘောထားနှင့် ကျင့်သုံးဆောင်ရွက်မှုများ တိုးတက်ပြောင်းလဲလာသည်။

ရပ်ရွာလူထုနှင့် အလုပ်ရှင်များသည် အဓိကအားဖြင့် ကလေးအလုပ်သမားဆိုင်ရာ ဥပဒေနှင့် စည်းမျည်းစည်းကမ်းများ ၊ အလုပ်လုပ်ကိုင်နိုင်သည့် အနိမ့်ဆုံးအသက်အရွယ် သတ်မှတ်ပြဋ္ဌာန်းချက်များကို သတိပြုမိခြင်း မရှိဟု ယူဆရသည်။ စိုက်ပျိုးရေးလုပ်ငန်းကဏ္ဍရှိ အလုပ်ရှင်အချို့က ၎င်းတို့သည် ကလေးသူငယ်များကို ပို၍ အလုပ်ခန့်လိုကြောင်း၊ အကြောင်းမှာ ကလေးသူငယ်များကို ထိန်းချုပ်ရလွယ်ကူခြင်း၊ အခကြေးငွေအနည်းငယ်ဖြင့် ခိုင်း၍ရခြင်း၊ တိုင်တန်းမှု သိပ်မရှိခြင်းတို့ကြောင့်ဖြစ်ကြောင်း ပြောဆိုကြသည်။ အခြားအလုပ်ရှင်များက အိမ်တွင်နေလျှင် ဘေးကင်းလုံခြုံရေး စိုးရိမ်ရသောကြောင့် မိဘများနှင့်အတူ လုပ်ငန်းခွင်သို့ အတူပါလာသော ကလေးသူငယ်များကို အလုပ်ခန့်ထားသည်။ ယေဘုယျအားဖြင့် ကလေးသူငယ်များ၊ အထူးသဖြင့် ငွေကြေးအခက်အခဲရှိသူများ၏ အလုပ်လုပ်ကိုင်နေမှုကို ရပ်ရွာလူထုများက လက်ခံကြသည် ။ သို့သော် ရပ်ရွာလူထုအတွင်း စစ်တမ်းဖြေဆိုသူ ၉၀ ရာခိုင်နှုန်းကျော်က အလုပ်အကိုင်သည် ကလေးသူငယ်များအတွက် အန္တရာယ်ရှိနိုင်သည်ဟု ထင်မြင်ကြသည်။ အိမ်အတွက် ကူညီပေးခြင်းသည် ကျောင်းထွက်ရလောက်သည်အထိ မဖြစ်သင့်၊ သင့်တော်သည့်အကြောင်းပြချက် မဟုတ်ကြောင်း အများစုက ထင်မြင်သုံးသပ်ပြီး၊ အနာဂတ်အလုပ်အကိုင် အလားအလာကောင်းများအတွက် ပညာရေးသည် အရေးကြီးသည့်အတွက် ကောင်းမွန်သည့်ပညာရေး ဆည်းပူးတတ်မြောက်နိုင်အောင် အလေးထားဖြည့်ဆည်းပေး သင့်ကြောင်း အများစုက ယုံကြည်လက်ခံထားသည်။



© ILO/ Thynzar Myo Kyaw

ခြားနားချက်အဖြစ် မိဘအရေးအတွက် ထက်ဝက်ကျော်က ကလေးသူငယ်များအနေဖြင့် အလယ်တန်းကျောင်းတက်ခြင်းထက် အလုပ်စလုပ်ခြင်းက ပိုကောင်းသည်ဟု ထင်မြင်ကြသည်။ လေးပုံသုံးပုံခန့်က ယောကျ်ားလေးများသည် မိန်းကလေးများထက် ပညာရေးမှ အကျိုးအမြတ်ပိုရကြောင်း ထင်မြင်ကြသည်။ ရပ်ရွာလူထုရော၊ မိဘများကပါ သဘောတူသည့် အချက်မှာ အလုပ်လုပ်ကိုင်နေသည့် ကလေးသူငယ်များသည် လူကြီးများကဲ့သို့ပင် တူညီသည့် အခွင့်အရေးများ ခံစားခွင့်ရှိသင့်ပြီး၊ ကလေးသူငယ်များအား ၎င်းတို့၏ မိဘများက အတင်းအကျပ် အလုပ်လုပ်ကိုင်စေခြင်း မပြုသင့်ဟု ဆိုသည်။

မကြာသေးမီက၊ ကူညီရေးအသင်းအဖွဲ့များနှင့် ရပ်ရွာလူထုအဖွဲ့များက ပညာရေး၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းအခွင့်အလမ်းများကို တိုးမြှင့်ဆောင်ရွက်ပေးခြင်းအပြင်၊ အလုပ်လုပ်ကိုင်သည့် ကလေးများနှင့်ပတ်သက်၍ အလေးထားဆောင်ရွက်ရမည့်အချက်များကို အသိအမြင်မြှင့်တင်ပေးခဲ့သည်။ ဤနည်းလမ်းများကို လူကြိုက်များမှု မြင့်တက်လျက်ရှိနေသော်လည်း၊ အလုပ်အကိုင်နှင့် အိမ်အလုပ်သည် အလုပ်ရှင်များနှင့် မိသားစုများအကြား ဦးစားပေးတစ်ရပ်အဖြစ် ထင်မြင်ယူဆဆဲ ဖြစ်သည်။

### အကဲဖြတ်လေ့လာခဲ့သည့် ဒေသများရှိ အလုပ်ရှင်တော်တော်များများသည် ဈေးပေါ၍ ကျွမ်းကျင်မှုနိမ့်သော၊ ကျပန်း အလုပ်သမားများကို ပိုမိုနှစ်သက်လေ့ရှိသည်။

စစ်တမ်းတွင်ပါဝင်သည့် အလုပ်ရှင်များသည် အဓိကအားဖြင့် သင်ကြားရလွယ်ပြီး၊ လုပ်ခလစာအနည်းငယ်သာပေးရသော ကျွမ်းကျင်မှုနိမ့်သည့် အလုပ်သမားများကို ခန့်လေ့ရှိသည်။ ကလေးသူငယ်များကို နေ့စားအလုပ်သမား၊ ရာသီပေါ် အလုပ်သမားများအဖြစ် ငှားရမ်းခိုင်းစေပြီး၊ ၎င်းတို့ရွာများနှင့်နီးသည့် နေရာများတွင် လုပ်ကိုင်ရသည်။ အလုပ်ရှင်များသည် အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) လုပ်ကိုင်ကြပြီး၊ အများအားဖြင့် စိုက်ပျိုးမွေးမြူရေးခြံလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ အထည်ချုပ်စက်ရုံများနှင့် လက်ဖက်ရည်ဆိုင်များကို လုပ်ကိုင်လေ့ရှိကာ ၊ ဤလုပ်ငန်းများသည် နေရာဒေသအလိုက် ကွဲပြားမှုရှိသည်။ ထုံးတမ်းစဉ်လာ ကျား/မ ရေးရာသမားရိုးကျပုံစံများအရ ကလေးသူငယ်များကို ခိုင်းစေသည့် အလုပ်တာဝန်များမှာ ကွဲပြားမှုရှိသည်။ အချို့အလုပ်ရှင်များသည် ကာယစွမ်းအားကြောင့် မိန်းကလေးများထက် ယောကျ်ားလေးများကို ပို၍ဦးစားပေး အလုပ်ခန့်လိုကြသည်။ သို့သော်လည်း၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် မိန်းကလေးငယ်များကို လုပ်ခဈေးပေါပေးပြီး ပို၍ခန့်ထားကြသည်။ အလုပ်ရှင်များသည် အလုပ်အတွေ့အကြုံနှင့် လူမှုဆက်ဆံရေး၊ တစ်ကိုယ်ရေသန့်ရှင်းမှုနှင့် ဂဏန်းသင်္ချာအတွက်အချက်ပိုင်းကဲ့သို့သော ဘဝနေထိုင်ရေးကျွမ်းကျင်မှုများကို အတန်းပညာထက် ပိုမိုတန်ဖိုးထားလေ့ရှိသည်။

### သင်တန်းများနှင့် လုပ်သားဈေးကွက်လိုအပ်ချက်များအကြား ကိုက်ညီမှုမရှိပဲ ကွာဟနေသည်။

ရပ်ရွာအခြေပြုအဖွဲ့အစည်းများ (CBOs)၊ ကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းပညာသင်တန်း (TVET) ပေးသူများ၊ အလုပ်သမားအဖွဲ့အစည်းများ၊ ရပ်ရွာလူထုခေါင်းဆောင်များ အပါအဝင် ဝန်ဆောင်မှုပေးသူများသည် ကလေးအလုပ်သမားအဖြစ် လုပ်ကိုင်နေသည့် ကလေးသူငယ်များကို အသက်မွေးဝမ်းကျောင်းသင်တန်း၊ အသိအမြင်မြှင့်တင်ရေးသင်တန်း၊ ကာကွယ်စောင့်ရှောက်ရေးဝန်ဆောင်မှုများ၊ ပညာရေးနှင့် အခြားဝန်ဆောင်မှုများကို ပေးနိုင်ကြသော်လည်း၊ ဝန်ဆောင်မှုများမှာ နယ်မြေဒေသအလိုက် ကွဲပြားသည်။ ကွန်ပြူတာသင်တန်းကဲ့သို့သော အဆင့်မြင့်ကျွမ်းကျင်သင်တန်းများမှလွဲ၍ သင်တန်းအများစုသည် အခမဲ့ဖြစ်သည်။ အသက်မွေးဝမ်းကျောင်းသင်တန်း ပြီးဆုံးပြီးနောက်မှ အလုပ်အကိုင်နေရာချထားပေးလေ့ရှိသည်။ သို့သော် စစ်တမ်းဖြေဆိုသူများက သင်တန်းအများစုသည် အလုပ်အကိုင်ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီမှု မရှိဟု ဖြေဆိုကြသည်။ ထို့အပြင် အလုပ်လုပ်ကိုင်နေသည့် ကလေးသူငယ်များအတွက် မည်သည့်အသက်မွေးဝမ်းကျောင်းသင်တန်းကိုမျှ ဖော်ဆောင်ထားခြင်း မရှိပေ။

# ▶ အကြံပြုချက်များ

ကလေးအလုပ်သမားအရေးသည် ရှုပ်ထွေးသည့်ဖြစ်စဉ်တစ်ရပ် ဖြစ်သည်။ ဤအစီရင်ခံစာတွင် မိသားစုအတွင်း ဆုံးဖြတ်ချက်ချမှတ်ခြင်းဆိုင်ရာ ရှုပ်ထွေးမှုကို ဖော်ပြနေသည်။ ဆင်းရဲနွမ်းပါးမှု၊ အသက်မွေးဝမ်းကျောင်း စိန်ခေါ်မှုများနှင့် မိသားစုပြဿနာများ (ဥပမာ - အရက်စွဲနေသည့် မိသားစုဝင်နှင့် မိသားစု၏ အဓိကဝင်ငွေရှာဖွေသူ နာမကျန်းဖြစ်ခြင်း) တို့သည် ကလေးအလုပ်သမားများကို အရွယ်မတိုင်မီ လုပ်သားဈေးကွက်အတွင်း ဝင်ရောက်စေသည့် အဓိကအကြောင်းရင်းများအဖြစ် လေ့လာတွေ့ရှိရသည်။ ကလေးသူငယ်များအနေဖြင့် အသက်မွေးဝမ်းကျောင်းနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးသင်တန်းများကို တက်ရောက်နိုင်ရန် အတားအဆီးများ ရှိနေပြီး၊ ၎င်းတို့တွင် ကလေးသူငယ်များ သင်တန်းတက်ရောက်ရန်အတွက် မိဘသဘောတူညီမှု မရှိခြင်း၊ ငွေကြေးဆိုင်ရာစိုးရိမ်ပူပန်ဖွယ်ရာများနှင့် တက်ရောက်နိုင်မည့် သင်တန်းအခွင့်အလမ်းများ အကန့်အသတ်ဖြင့်သာရှိခြင်း စသည့်အချက်များ ပါဝင်သည်။

ကလေးအလုပ်သမားအဖြစ် တွန်းပို့သည့်များပြားသည့် အကြောင်းရင်းများကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ရန်အတွက် ဘက်ပေါင်းစုံချဉ်းကပ်ဆောင်ရွက်မှု လိုအပ်သည်။ လေ့လာအကဲဖြတ်မှု၏ ရည်ရွယ်ချက်များနှင့်အညီ အောက်ဖော်ပြပါ

အကြံပြုချက်များသည် အသိအမြင်မြှင့်တင်ခြင်းနှင့် ကလေးအလုပ်သမားအမှုကိစ္စများ လွှဲပြောင်းခြင်းယန္တရား အပါအဝင် အရေးကြီးသည့် တိုက်ရိုက်ကြားဖြတ်ဆောင်ရွက်မှုများကို အဓိက ဖော်ပြထားသည်။

## ဝန်ဆောင်မှုပေးသူများအတွက် အကြံပြုချက်များ

အလုပ်ရှင်အဖွဲ့အစည်းများ၊ အလုပ်သမားသမဂ္ဂများ၊ အရက်ဘက်လူမှုအဖွဲ့အစည်းများ၊ သင်တန်းပေးသည့် အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး ဆောင်ရွက်လျက်ရှိသည့် အခြားအဖွဲ့အစည်းများသည် ကလေးအလုပ်သမား ပြဿနာ ကိုင်တွယ်ဖြေရှင်းရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို အထောက်အပံ့ဖြစ်စေသည့် ဝန်ဆောင်မှုများကို ပံ့ပိုးပေးသည်။ ဤအစီရင်ခံစာအနေဖြင့် ဝန်ဆောင်မှုပေးသူများအား အောက်ဖော်ပြပါအချက်များကို အကြံပြုပါသည်။

- ကလေးသူငယ်များအတွက် ဘေးအန္တရာယ်ရှိသောအလုပ်နှင့် အလုပ်ချိန်နာရီများနှင့်စပ်လျဉ်းသည့် ကလေးအလုပ်သမားဆိုင်ရာ ဥပဒေများနှင့်ပတ်သက်၍ အဓိကသတင်းအချက်အလက်များကို မိဘများနှင့် အလုပ်ရှင် များအတွက် ဦးတည်ရည်ရွယ်သည့် သတင်းစကားများအဖြစ် ရေးဆွဲထုတ်ဝေရန်။ ထို့အပြင် ရေရှည် ကျန်းမာရေး ထိခိုက်စေသော အန္တရာယ်ရှိပြီး၊ (ဓါတုပစ္စည်း၊ မီးတောက်များ)နှင့်ထိတွေ့နိုင်သော အလုပ်အကိုင်အမျိုးအစားများကို ဖော်ထုတ်ရန်။ မိဘများနှင့် အလုပ်ရှင်များအတွက် ဦးတည်ရည်ရွယ်သည့် သတင်းအချက်အလက်များနှင့်၊ လူငယ်များ အတွက် အသက်အုပ်စုအလိုက် ဦးတည်သည့် သတင်းအချက်အလက်/သတင်းစကားများ ပေးရန်။
- ကလေးသူငယ်များအနေဖြင့် ၎င်းတို့၏လက်ရှိအခွင့်အရေးများကို ကလေးသူငယ်ဘဝတွင် နားလည်သိမြင်စေ ရန် အပြင် အနာဂတ်တွင်လည်း အလုပ်သမားများအဖြစ် ၎င်းတို့၏ အခွင့်အရေးများကို ပိုမိုနားလည်သိမြင်စေ မည့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် မိမိကိုယ်မိမိ ယုံကြည်မှုတည်ဆောက်ခြင်း သတင်းစကားများ ပြုစုထုတ် ဝေရန်။ အလုပ်လုပ်ကိုင်ရန် တရားဝင် အနိမ့်ဆုံးအသက်အရွယ်အပါအဝင် အလုပ်အကိုင်ဆိုင်ရာ ဥပဒေများနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ဥပဒေနှင့်ပတ်သက်၍ အလုပ်ရှင်များအား အသိပေးရန်။
- ကလေးသူငယ်များနှင့် ဆယ်ကျော်သက်လူငယ်များအတွက် ရရှိနိုင်သည့် ပညာရေးနှင့် အသက်မွေးဝမ်းကျောင်း သင်တန်းများနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များ ဖြည့်ဆည်းပေးရန်နှင့် အသက်မွေးဝမ်းကျောင်း သင်တန်းအစီအစဉ်ပုံစံ ရေးဆွဲခြင်းတွင် အလုပ်ရှင်များ ပါဝင်ဆောင်ရွက်စေရန်။ ကိုဗစ်-၁၉ ကပ်ရောဂါနှင့် စစ်တပ် အာဏာသိမ်းပြီးနောက်ပိုင်း လုပ်သားလိုအပ်ချက် အပြောင်းအလဲများကို ထောက်ရှု၍ လုပ်သားဈေးကွက်လိုအပ်ချက် အကဲဖြတ်မှုများကို ဆောင်ရွက်ရန်။
- ကျောင်းထွက်သွားသော လူငယ်များအတွက် စာရေးစာဖတ်၊ ဂဏန်းအတွက်အချက်နှင့် အသက်မွေးဝမ်းကျောင်း သင်တန်းများ အခမဲ့ပေးနိုင်ရန် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပါဝင်သက်ဆိုင်သူများကို အားပေးတိုက်တွန်းရန်။
- ကလေးအလုပ်သမားအမှုကိစ္စများကို လွှဲပြောင်းပေးခြင်းနှင့်ပတ်သက်၍ ဒေသန္တရကလေးအလုပ်သမား စောင့်ကြည့် လေ့လာရေးစနစ်များ (CLMS) မှတစ်ဆင့် ဆောင်ရွက်ခြင်းအပါအဝင်၊ ဝန်ဆောင်မှုပေးသူများ၊ ရပ်ရွာလူထုအဖွဲ့များ ၊ အလုပ်ရှင်များနှင့် အလုပ်သမားများအကြား ကျယ်ကျယ်ပြန့်ပြန့်ဖြင့် အမှုလွှဲပြောင်းခြင်း ဆိုင်ရာကွန်ရက်များကို တည်ဆောက်ရန်။ ကလေးလူနာနှင့် အရေးပေါ်ဆေးကုသခြင်းစသည့် ဝန်ဆောင်မှုများ/ ဝန်ဆောင်မှုပေးသူများသည် ကလေးအလုပ်သမားအကြောင်းကို သတိပြုသိရှိရန်နှင့် စိတ်ပိုင်းလူမှုဆိုင်ရာ ကျန်းမာရေးဝန်ဆောင်မှုများအပါအဝင် အလုပ်လုပ်ကိုင်နေသည့် ကလေးသူငယ်များအတွက် အသက်အရွယ်အလိုက် သင့်တော်သည့်အကူအညီအထောက် အပံ့နှင့် အမှုလွှဲပြောင်းခြင်းဆိုင်ရာ ဝန်ဆောင်မှုများပေးရန် အသင့်ရှိအောင် သေချာဆောင်ရွက်ရန်။ ကလေးသူငယ် များ ထိခိုက်နာကျင်ခြင်း၊ ဘေးကင်းလုံခြုံမှု မရှိဟု ခံစားရခြင်း၊ မတော်မတရား ပြုကျင့်ခံရခြင်း၊ ရက်ရက်စက်စက် နှိပ်စက်ခံရခြင်း၊ သို့မဟုတ် ထိခိုက်ဒဏ်ရာရနိုင်သည့် အလုပ်များကို အဓမ္မခိုင်းစေခံရခြင်းများ ကြုံတွေ့ရပါက၊ ၎င်းတို့ ကို ကူညီပေးနိုင်သည့် အသင့်ရှိနေသော ဝန်ဆောင်မှုများအကြောင်းကို ကလေးသူငယ်များအား အသိပေးရန်အတွက် ကလေးသူငယ်များနှင့်ရင်းနှီးဖော်ရွေစွာ ဆက်ဆံပြီး အသိပညာပေးသောအစီအစဉ်များ ဆောင်ရွက်ရန်။
- ကလေးသူငယ်များနှင့် ဆယ်ကျော်သက်လူငယ်များအနေဖြင့် အလုပ်အကိုင်အတွက် တရားဝင် အသက်ပြည့်ပြီး အလုပ်လုပ်ကိုင်နိုင်စွမ်းရှိလာသည့်အခါ လုပ်သားဈေးကွက်အတွင်း ဝင်ရောက်နိုင်ရန် အနာဂတ်အတွက် အသင့် ဖြစ်အောင် ဆောင်ရွက်ပေးရန်။ ကလေးသူငယ်နှင့် ဆယ်ကျော်သက်လူငယ်များအနေဖြင့် ဘေးကင်းလုံခြုံသော အသက်မွေးဝမ်းကျောင်းနှင့် သင့်တော်သည့်ဝင်ငွေများ ရှာဖွေနိုင်ရန် ဘဝနေထိုင်မှုဆိုင်ရာကျွမ်းကျင်မှုသင်တန်း (ဥပမာ - ဆုံးဖြတ်ချက်ချခြင်း၊ လူမှုဆက်ဆံရေး၊ အခြေခံစာရေးစာဖတ်၊ ဂဏန်းသင်္ချာနှင့် ငွေကြေးတွက်ချက်မှု၊ ကျန်းမာရေး နှင့် လူမှုဘဝသာယာကောင်းမွန်ရေး၊ အခွင့်အရေးများအကြောင်း) ကို ကလေးသူငယ်နှင့် ဆယ်ကျော်သက်လူငယ်များ သင်ယူနိုင်စေရန် ဖော်ဆောင်ပေးသင့်သလို၊ ၎င်းတို့ကို အသက်မွေးဝမ်းကျောင်းသင်တန်းများအတွင်း ပေါင်းစပ် သင်ကြားနိုင်သည်။ ထို့အပြင် ကလေးသူငယ်များနှင့် ဆယ်ကျော်သက်လူငယ်များကို ရှိနေသည့် အလုပ်သင်နှင့် လုပ်ငန်းခွင်သင်တန်းအစီအစဉ်များအကြောင်း ကိုလည်း အသိပေးသင့်သည်။

- ဦးတည်ထားသည့် နေရာဒေသများတွင် အလုပ်သမားနှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး အစီအစဉ်များ အကောင်အထည်ဖော်ရန်နှင့် ကလေးသူငယ်ပြုစုစောင့်ရှောက်ရေး ရှေ့ပြေးဆောင်ရွက်မည့် နည်းလမ်းများကို အစီအစဉ်အကဲဖြတ်သုံးသပ်ခြင်းနှင့် ကုန်ကျစရိတ်သုံးသပ်တွက်ချက်ခြင်းများနှင့်အတူ ဆောင်ရွက်ရန်။

## မူဝါဒရေးဆွဲချမှတ်သူများအတွက် အကြံပြုချက်များ (လူမှုတရားမျှတမှု အခြေအနေအောက်တွင်)

ဤအစီရင်ခံစာတွင် ဖော်ပြပါရှိသည့် အကြံပြုချက်များသည် သင့်လျော်သည့်အခြေအနေများ ဖြစ်ပေါ်လာမှသာလျှင် အောက်ဖော်ပြပါအချက်များကို ကြိုးပမ်းဆောင်ရွက်ရန်အတွက် ကလေးအလုပ်သမားဆိုင်ရာကိစ္စရပ်များနှင့် ကလေးအလုပ်သမားဖြစ်စေသည့် အဓိကပြဿနာရင်းမြစ်များကို ဖြေရှင်းရန် အားလုံးပါဝင်ပြီး၊ ဘက်ပေါင်းစုံချဉ်းကပ်ဆောင်ရွက်သော မူဝါဒကို ချမှတ်ကျင့်သုံးရန် လိုအပ်နေမှုကို အဓိက ဖော်ပြထားပါသည်။

- နိုင်ငံအဆင့် ကလေးအလုပ်သမား ဥပဒေပြဋ္ဌာန်းချက်များအချင်းချင်း ဆက်စပ်ကိုက်ညီမှုရှိပြီး၊ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်ကိုက်ညီအောင် သေချာဆောင်ရွက်ရန်။

  ကလေးအလုပ်သမားနှင့်ပတ်သက်၍ သင်တန်းများပေးခြင်းနှင့် အလုပ်သမားရေးရာစစ်ဆေးခြင်းများ ဆောင်ရွက်ရန် ဘဏ္ဍာရေးအရင်းအမြစ်များ ရှာဖွေရန်။

- ကလေးအလုပ်သမားဖြစ်စေသည့် ပြဿနာရင်းမြစ်များကို ဖြေရှင်းရန် အားလုံးပါဝင်ပြီး၊ ဘက်ပေါင်းစုံ ချဉ်းကပ်ဆောင်ရွက်သောမူဝါဒကို ချမှတ်ကျင့်သုံးရန်။
- အရွယ်ရောက်ပြီးသော လူကြီးအလုပ်သမားများအကြား ကုန်ထုတ်စွမ်းအား မြှင့်တင်ရန်နှင့် စီးပွားရေးလုပ်ငန်းများ အဆင့်တွင် ကလေးအလုပ်သမားလိုအပ်ချက်လျှော့ချရန် အားဖြည့်ဆောင်ရွက်နိုင်မည့် ရန်ပုံငွေ ခွဲဝေချထားပေးရန်။
- ရှေးဦးအရွယ်ကလေးသူငယ်ပညာရေးဌာနများနှင့် ကလေးသူငယ်ပြုစုစောင့်ရှောက်ရေး ဝန်ဆောင်မှုများ အတွက် ရန်ပုံငွေ ခွဲဝေချထားပေးရန်။
- ကလေးသူငယ်များအနေဖြင့် ၎င်းတို့၏ မိသားစုများနှင့် ကူညီပံ့ပိုးပေးသည့်ကွန်ရက်အဖွဲ့အစည်းများနှင့် မခွဲမခွာရဘဲ၊ အသက်မွေးကျောင်းသင်တန်းအခွင့်အလမ်းများကို လက်လှမ်းမီရရှိစေရန် အဆိုပါသင်တန်းများအတွက် သတ်မှတ်ချက်ပြည့်မီသည့် ကလေးသူငယ်များ တက်ရောက်နိုင်စေရန် တိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံးတွင် အသက်မွေးဝမ်းကျောင်းသင်တန်း ဝန်ဆောင်မှုများကို အခမဲ့ သို့မဟုတ် ထောက်ပံ့ကြေးပေး၍ ပံပိုးပေးရန်။ TVET တက်ရောက်ရန် သတ်မှတ်ချက်မပြည့်မီသည့် ကလေးသူငယ်များအတွက် အခြေခံပညာရေးကို ဦးစားပေး ဆောင်ရွက်ပေးရန်။
- ကလေးအလုပ်သမား မဖြစ်အောင် ကာကွယ်တားဆီးရန်၊ ကလေးသူငယ်များအား ကျောင်းပညာရေး အချိန်ပြည့် တက်ရောက်နိုင်စေရန်နှင့် ဥပဒေအရ သတ်မှတ်ထားသည့် အသက်ပြည့်သည့်အခါတွင်လည်း လုပ်သားဈေးကွက်အတွင်း အသင့်ဝင်ရောက်နိုင်ရေး ပြင်ဆင်ပေးရန်အတွက် တည်ဆဲ လူမှုကာကွယ်စောင့်ရှောက်ရေးအစီအမံများကို အကဲဖြတ်ရန်နှင့် ကွာဟချက်များကို ဖြေရှင်းရန်။
- ပါဝင်သက်ဆိုင်သူများအားလုံးနှင့်အတူတကွ ရေးဆွဲချမှတ်ထားသော ကလေးအလုပ်သမား ကာကွယ်တားဆီးရေး ဆောင်ရွက်ချက်များကို ဖော်ဆောင်ရန်၊ စစ်ဆေးရန်နှင့် အကဲဖြတ်သုံးသပ်ရန်။

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်ရှိ ကလေးအလုပ်သမား အခြေအနေများနှင့်ပတ်သက်၍ အကဲဖြတ်လေ့လာခြင်း

၂၀၂၃ ခုနှစ်တွင် ကျရောက်သော ကမ္ဘာ့ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေးနေ့ (WDACL) အထိမ်းအမှတ်အဖြစ် ထုတ်ဝေသော ဤအကဲဖြတ်လေ့လာမှုအစီရင်ခံစာသည် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်ရှိ ကလေးအလုပ်သမားအခြေအနေများကို ဖော်ပြပေးသည်။ ထို့အပြင် အဆိုပါဒေသများရှိ ထိခိုက်လွယ်သည့် လူငယ်များအတွက် လုပ်သားဈေးကွက်နှင့် သင်တန်းအခွင့်အလမ်းများအပါအဝင်၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းအခွင့်အလမ်းများကို ကလေးအလုပ်သမားအမှုကိစ္စ လွှဲပြောင်းခြင်းဆိုင်ရာယန္တရား တည်ထောင်နိုင်ရန်အတွက် အခြေခံအနေဖြင့် ဖော်ထုတ်ပေးသည်။ အိုင်အယ်လ်အို ဆက်သွယ်ညှိနှိုင်းရေးရုံးသည် ကလေးအလုပ်သမားပပျောက်ရေး အားထုတ်ကြိုးပမ်းဆောင်ရွက်ရာတွင် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိပြီး၊ ဤအကဲဖြတ်လေ့လာမှုအစီရင်ခံစာသည် အနာဂါတ်တွင် အသုံးပြုနိုင်သည့် အရေးကြီးသည့် အစီရင်ခံစာတစ်စောင် ဖြစ်သည်။ အခြေအနေပေးပါက အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် သင့်လျော်သည့် အသိအမြင်မြှင့်တင်ရေးအစီအစဉ်၊ စည်းရုံးလှုံ့ဆော်မှုနှင့် ဆက်စပ်လွှမ်းခြုံနေသော အဓိကကျသည့် မူဝါဒရေးရာဖြေရှင်းဆောင်ရွက်ချက်များဆိုင်ရာ အကြံပြုချက်များကိုလည်း ဖြည့်ဆည်းဖော်ပြပေးသည်။

**ILO Fundamental Principles and Rights at Work Branch (FUNDAMENTALS)**

International Labour Office
4 route des Morillons
CH-1211 Geneva 22 – Switzerland
T: +41 (0) 22 799 61 11
E: childlabour@ilo.org
ilo.org/childlabour
@ILO_Childlabour

**ILO Liaison Office in Myanmar**

No.1 (A), Kanbae (Thitsar) Road
Yankin Township
Yangon, Myanmar
T: + 95 1 7336538 ~ 9/579956/ 578925
F: + 95 1 7336582
E: yangon@ilo.org

**With the support of:**